# SAIL PROGRAM DESCRIPTION

## SAIL ပရိုဂရမ် ဖော်ပြချက်

*SAIL ငွေစုအဖွဲ့များ*

**ဗဟုသုတ သဘောထား လုပ်ဆောင်ခြင်း** ဤသင်ခန်းစာကို လေ့လာတတ်မြောက်ပြီးနောက်၊
၁။ သင်တန်းတက်ရောက်သူများသည် ငွေစုအဖွဲ့၏ နည်းစနစ်ပိုင်းကို ပို၍နားလည်လာပါလိမ့်မည်။
၂။ သင်တန်းတက်ရောက်သူများသည် ငွေစုအဖွဲ့ဝင်ဖြစ်ရခြင်း၏ ကောင်းကျိုးများကို နားလည်လာပါလိမ့်မည်။
၃။ ငွေစုအဖွဲ့သင်တန်းကို ဆက်တက်သင့်၊မတက်သင့်ဆိုသည်ကို ဆုံးဖြတ်လာပါလိမ့်မည်။
၄။ သင်တန်းကို ဆက်တက်လိုလျှင် တွေ့ဆုံမည့်နေရာနှင့် အစည်းအဝေးအချိန်ဇယားတစ်ခုကို သူတို့ စီစဥ်ပါလိမ့်မည်။

**ခြုံငုံအမြင်** SAIL ငွေစုအဖွဲ့များမှ သင်ခန်းစာ တစ်ခုဖြစ်သည်။

**သင်ထောက်ကူ**
- ပိုစတာအရွယ်စာရွက်၊ မာကာ၊ ကော်တိပ်
- အစပျိုးခြင်း
- လက်ကမ်းစာစောင်
  - *ငွေစုအဖွဲ့ - လမ်းပြ ဥပဒေသများ*
- အခြားသင်ထောက်ကူများ

**သင်ခန်းစာ** **၁ နာရီ**

**အစပျိုးခြင်း** (၅ မိနစ်)
လမ်းညွှန်-
က။ သရုပ်ဖော်ကစားခြင်း -ပြကွက်- အိမ်နီးချင်းနှစ်ဦး ဘဝအကြောင်း မှတ်ချက်ပေးပြောနေကြခြင်း…
**ပ** မင်းမှာ မင်းမိသားစုအတွက် အိပ်မက်တွေရှိလား။
**ဒ** ရှိတာပေ့ါ..
**ပ** ငါ့မှာတော့မရှိဘူး။ ငါ မနက်စောစောထပြီး ယာတောထဲသွားတယ်..မိသားစု ကိစ္စတွေလုပ်တယ်၊ ပြီးတော့ ပင်ပန်းစွာနဲ့ အိပ်ယာထဲဝင်တော့တာပဲ။
**ဒ** ငါလည်း အလုပ်အရမ်းကြိုးစားရတာပါပဲ၊ ဒါပေမယ့် ငါတော့ ငွေစုအဖွဲ့ထဲမှာ ဝင်ပြီး အပတ်တိုင်း ဒေါ်လာ (၃၀) စုလာခဲ့တယ်။
**ပ** ငါ့မှာတော့ အနာဂတ်အိပ်မက် အကြောင်းတွေးရရင် ရှုးရချည်ရဲ့။ ငါ့ကလေးတွေကို ထမင်းနပ်မှန်အောင် ကျွေးဖို့တောင်ခက်နေတာလေ။
**ဒ** ငါ ငွေဆက်စုပြီး ငါ့စီးပွားစီမံချက်ကို ကြီးထွားအောင်လုပ်နေရင် ငွေစုအဖွဲ့ထဲမှ ချေးငွေရယူနိုင်လာပြီး အကင်ဆိုင်လေး

စတင်နိုင်မယ်ဆိုတာ ငါသိနေတယ်။

**ပ** အနာဂတ်အိပ်မက် အကြောင်းမတွေးတာ ပိုကောင်းပါတယ်။ ငါ စိတ်မပင်ပန်းရတော့ဘူးပေါ့။

**ဒ** ငါတော့ ငါ့မိသားစုအတွက် ပိုအကောင်းတဲ့ဘဝနဲ့ ငါ့ ကလေးတွေအတွက် ပိုကောင်းတဲ့ပညာရေးမျိုး လိုချင်တယ်။ ငွေစုအဖွဲ့ထဲမှာ ငါငွေဆက်စုပြီး CHE ME သင်တန်းကပေးတဲ့ စီးပွားလုပ်နည်းကို သင်ယူနေရင် ငါ့အိပ်မက်တွေအားလုံး တကယ်ဖြစ်လာမယ်ဆိုတာ ယုံကြည်တယ်။

ခ။ SHOWD မေးခွန်းများကို မေးပါ

၁။ သင် ဘာတွေ့ခဲ့ရသလဲ။

၂။ ဘာ ဖြစ်ပျက်နေသလဲ။

၃။ ကိုယ်တို့ ပတ်ဝန်းကျင်မှာ ဒီအဖြစ်မျိုးရှိနေသလား။

၄။ ဘာကြောင့် ဒီလို ဖြစ်နေရတာလဲ။

၅။ ဒီအတွက် ကိုယ်တို့ဘာဆက်လုပ်ကြမလဲ။

---

**<u>ငွေစုအဖွဲ့များအကြောင်း ရှင်းပြခြင်း</u>** ( ၁၀ မိနစ်)

လမ်းညွှန်- အုပ်စုကြီးအတွင်း ဆွေးနွေးပါ

က။ ငွေစုအဖွဲ့ ပရိဂရမ်၏ ရည်မှန်းချက်ပန်းတိုင်များက ဘာတွေလဲ။

၁။ မိသားစုငွေကြေးဖူလုံမှု တိုးတက်စေရန်

၂။ ခက်ခဲနေသည့် ဘဝအခြေအနေများနှင့် ဝင်ငွေလည်ပတ်စေရန်အတွက် အဖွဲ့ဝင်များကို ချေးငွေတိုးချေးပေးရန်

၃။ CHE အသိုင်းအဝိုင်းအတွင်း စွမ်းအားကို တည်ဆောက်ရန်

ခ။ အဖွဲ့ဝင်တစ်ဦးမှာ မည်သို့သော အမူအကျင့်များ ရှိသင့်ပါသလဲ။ အဖွဲ့ငယ်အတွင်းဆွေးနွေးပြီး ပြန်လည်တင်ပြပါ။

၁။ တစ်ဦးကို တစ်ဦး ယုံကြည်စိတ်ချမှု

၂။ အဖွဲ့ဝင်အားလုံး၏ အမူအကျင့်များကို သိရှိထားခြင်း

၃။ ရိုးသားမှု ဂုဏ်ကို သိရှိခြင်း

၄။ ပူးပေါင်းလုပ်ကိုင်လိုသော ကိုယ်ရည်ကိုယ်သွေးရှိခြင်း

၅။ ပုံမှန် ငွေစုနိုင်သည့် စွမ်းရည်ရှိခြင်း

၆။ပြန်ဆပ်နိုင်စွမ်းနှင့် ချေးငွေကို အလေးအနက် ကိုင်တွယ်နိုင်ခြင်း

၇။ယုံကြည်စိတ်ချရသောသူ

၈။တာဝန်ယူတတ်သောသူ

၉။ရင့်ကျက်တည်ကြည်သောသူ

၁၀။အငြင်းအခုံမသန်သောသူ

၁၁။ရဲရဲတင်းတင်းပါဝင်ဆွေးနွေးသောသူ

၁၂။အခြားသူများ၏ အကြံပြုချက်များကို လက်ခံတတ်သောသူ

၁၃။အသိုင်းအဝိုင်းအတွင်း ရိုသေခံရသောသူ

၁၄။စိတ်ရှည်ပြီး မျှမျှ တတ နားထောင်ပေးတတ်သူ

၁၅။အခြားသူများကို အလေးပေးတတ်သောသူ

၁၆။အပြုသဘောဆောင်သည့် ကိုယ်ရည်ကိုယ်သွေးရှိသူ

---

၁၇။အလုပ်ကြိုးစားသူ

၁၈။အဖွဲ့၏အစည်းအဝေးများအတွက် အချိန်ပေးနိုင်သူ

---

**<u>ငွေစုအဖွဲ့တစ်ခု မည်သို့ အလုပ်လုပ်ပုံ</u>** (၁၀ မိနစ်)

လမ်းညွှန်- ငွေစုအဖွဲ့အား *လမ်းပြ ဥပဒေသများ* လက်ကမ်းစာစောင် ကိုဖတ်စေရန် ဝေလိုက်ပါ။ အဖွဲ့ကြီးအတွင်း ဆွေးနွေးပါ။

က။ *လမ်းပြ ဥပဒေသများ-* ဖတ်လိုသူများက ဥပဒေသများကို ဖတ်စေပါ။

ခ။ အဖွဲ့ရံပုံငွေကို ဘာကြောင့် ကြိုတင်ခွဲခန့်စီစဉ်ထားသည့်အချိန်တွင် ပေးဝေရတာလဲ။

၁။ အဖွဲ့မှ ထွက်ခွာလိုသူများကို ထွက်ခွင့်ပြုစေရန်နှင့် အဖွဲ့ထဲသို့ဝင်လိုသူများလည်း ဝင်လာနိုင်စေရန်

၂။ အောက်ပါ အချက်များကို မလိုက်နာသည့် အဖွဲ့ဝင်များအား ဖယ်ရှားနိုင်စေရန်-

- စုငွေပေးဝေခြင်း
- ချေးငွေပြန်ဆပ်ခြင်း
- အစည်းအဝေးတက်ရောက်ခြင်း

၃။ အဖွဲ့ဝင်များအား အဖွဲ့ရံပုံငွေ စာရင်းနှင့် စီမံမှု ကောင်းမွန်ခြင်းရှိကြောင်း သေချာစေရန်

၄။ အဖွဲ့ဝင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် (ကျောင်းလခ၊ အားလပ်ရက်ခရီး၊ နွေရက်များ)

ဂ။ ငွေသေတ္တာကို ဘာကြောင့် သော့ခလောက်များစွာ ခတ်ထားရတာလဲ။

၁။ ငွေကြေးဆိုင်ရာ လုပ်ငန်းအားလုံး ရိုးဖြောင့်ပြီး မှန်ကန်ကြောင်း သေချာစေရန်

၂။ အပြန်အလှန်စစ်ဆေးခြင်းဖြင့် အဖွဲ့ငွေအား မည်သူမျှ မခိုးယူစေရန်

ဃ။ အဖွဲ့အတွက် မည်သို့သော ပစ္စည်းကိရိယာ လိုအပ်ပါသလဲ။

၁။ သော့ခတ်၍ရသော ငွေသေတ္တာ

၂။ သော့ချောင်း (၂) ခုစီပါသည့် အရည်အသွေးမြင့် သော့ခလောက် (၃) ခု

၃။ ငွေစာရင်းထိန်း မှတ်တမ်း

၄။ ပေတံ၊ ဘောလ်ပင် (၂) ချောင်း၊ ခဲတံ (၂) ချောင်း၊ ခဲဖျက်၊ ဂဏန်းတွက်စက်၊

၅။ ခွက်ဖလား (၃) ခု

င။ ငွေစုအဖွဲ့ဝင်တစ်ဦး လုပ်ဆောင်ရမည့်အရာများ- အဖွဲ့ဝင်များ သူတို့လေ့လာပြီးသည်များကို အခြေခံ၍ ဘာလုပ်ဆောင်ရန် ရှိနေသလဲ။ အဖွဲ့ငယ်များအတွင်း ဆွေးနွေးပြီး ပြန်လည်တင်ပြပါ။

၁။ အဖွဲ့ဝင်တိုင်းက အောက်ပါ ကိစ္စရပ်များတွင် တက်တက်ကြွကြွပါဝင်ရန်-

- လေ့ကျင့်သင်တန်းအားလုံးကို တက်ရောက်ခြင်း
- ငွေစုအဖွဲ့၏ အစည်းအဝေးအားလုံးကို တက်ရောက်ခြင်း

၂။ တာဝန်ရှိသည့်အတိုင်း မဲပေးခြင်းဖြင့် အဖွဲ့ကို ပံ့ပိုးခြင်း

၃။ ငွေကြေးဆိုင်ရာ လုပ်ငန်းအားလုံးကို သေချာစစ်ဆေးခြင်းဖြင့် ငွေစာရင်းပြုစုမှုမှန်ကန်ကြောင်း အာမခံပေးခြင်း

၄။ စုငွေပေးဝေခြင်းနှင့် ချေးငွေပြန်ဆပ်ခြင်းများ လုပ်ဆောင်ခြင်း

စ။ ငွေစုအဖွဲ့ သင်တန်းပေးသူ၏ တာဝန်

၁။ ငွေစုအဖွဲ့ အမြင်သဘောထားကို လူ့အသိုင်းအဝိုင်းအတွင်း ပိုမိုမြင့်တင်ပေးရန်

၂။ ငွေစုအဖွဲ့သင်ခန်းစာများကို သင်ကြားပေးရန်

၃။ အဖွဲ့ထူထောင်ခြင်း၊ ချေးငွေလုပ်ငန်းစဉ်နှင့် စုငွေကိစ္စများတွင် အဖွဲ့အား အဖက်ဖက်မှ လမ်းပြ စဉ်းစားကူပေးရန်

၄။ အငြင်းပွားမှုများကို ကူညီအဖြေရှာပေးရန်

၅။ အဖွဲ့ကို အားပေးရန်

၆။ သင်တန်းကာလတွင် ME စီးပွားလုပ်ငန်း (ME Business) နှင့် ကိုယ်ကျင့်တရားတန်ဖိုး (Moral Value) သင်ခန်းစာများကို ဂရုတစိုက်ကူညီသင်ကြားပေးရန်

---

<u>**ငွေစုအဖွဲ့တစ်ခု စတင်ရာတွင် စိတ်ဝင်စားမှု**</u> (၁၀ မိနစ်)

လမ်းညွှန်- အုပ်စုကြီးအတွင်း ဆွေးနွေးပါ

က။ ငွေစုအဖွဲ့တစ်ခု စတင်ရာတွင် အဖွဲ့၏ စိတ်ဝင်စားမှု

ခ။ စိတ်ဝင်စားသူများက ပထမ ပြုလုပ်မည့် အစည်းအဝေးကို တက်ရောက်ရန် သဘောတူကြပါမည်။

---

<u>**နိဂုံးနှင့် ကိုယ့်အတွက် သင်ခန်းစာ**</u> (အချိန်)

လမ်းညွှန်-

က။ ဤသင်ခန်းစာမှာ ကျွန်ုပ်ဘာ ရှာတွေ့ခဲ့သလဲ။

ခ။ ဘယ်သူနဲ့ မျှဝေလို့ရနိုင်မလဲ။

ဂ။ ဤသင်ခန်းစာမှာ ကျွန်ုပ်ရှာတွေ့လိုက်တာတွေကို ဘယ်လိုအသုံးချရမလဲ။

၁။ ဘယ်အချိန်

၂။ ဘာဖြစ်လာဖို့ ကျွန်ုပ်မျှော်လင့်ပါသလဲ။

၃။ ဖြစ်လာရင် ဘယ်လိုသိလာနိုင်မလဲ။

ဃ။ ဆုတောင်းပါ

---

**References:**

This second lesson is based on Oxfam America and CARE International training materials.

# SAIL ဖရိုဂရမ် ဖော်ပြချက်-အစပျိုးခြင်း

*သရုပ်ဖော်ကစားခြင်း*

**သရုပ်ဖော်ကစားခြင်း-** ပြကွက်- အိမ်နီးချင်းနှစ်ဦး ဘဝအကြောင်း မှတ်ချက်ပေးပြောနေကြခြင်း…

ပ   မင်းမှာ မင်းမိသားစုအတွက် အိပ်မက်တွေရှိလား။

ဒု   ရှိတာပေါ့…

ပ   ငါ့မှာတော့မရှိဘူး။ ငါ မနက်စောစောထပြီး ယာတောထဲသွားတယ်..မိသားစု ကိစ္စတွေလုပ်တယ်၊ ပြီးတော့ ပင်ပန်းစွာနဲ့ အိပ်ယာထဲဝင်တော့တာပဲ။

ဒု   ငါလည်း အလုပ်အရမ်းကြိုးစားရတာပါပဲ၊ ဒါပေမယ့် ငါတော့ ငွေစုအဖွဲ့ထဲမှာ ဝင်ပြီး အပတ်တိုင်း ဒေါ်လာ (၃၀) စုလာခဲ့တယ်။

ပ   ငါ့မှာတော့ အနာဂတ်အိပ်မက် အကြောင်းတွေးရရင် ရှုးရချည်ရဲ့။ ငါ့ကလေးတွေကို ထမင်းနပ်မှန်အောင် ကျွေးဖို့တောင်ခက်နေတာလေ။

ဒု   ငါ ငွေဆက်စုပြီး ငါ့စီးပွားရေးစီမံချက်ကို ကြီးထွားအောင်လုပ်နေရင် ငွေစုအဖွဲ့ထဲမှ ချေးငွေရယူနိုင်လာပြီး အကင်ဆိုင်လေး စတင်နိုင်မယ်ဆိုတာ ငါသိနေတယ်။

ပ   အနာဂတ်အိပ်မက် အကြောင်းမတွေးတာ ပိုကောင်းပါတယ်။ ငါ စိတ်မပင်ပန်းရတော့ဘူးပေါ့။

ဒု   ငါတော့ ငါ့မိသားစုအတွက် ပိုအကောင်းတဲ့ဘဝနဲ့ ငါ့ ကလေးတွေအတွက် ပိုကောင်းတဲ့ပညာရေးမျိုး လိုချင်တယ်။ ငွေစုအဖွဲ့ထဲမှာ ငါငွေဆက်စုပြီး CHE ME သင်တန်းကပေးတဲ့ စီးပွားလုပ်နည်းကို သင်ယူနေရင် ငါ့အိပ်မက်တွေအားလုံး တကယ်ဖြစ်လာမယ်ဆိုတာ ယုံကြည်တယ်။

---

**သရုပ်ဖော်ကစားခြင်း-** ပြကွက်- အိမ်နီးချင်းနှစ်ဦး ဘဝအကြောင်း မှတ်ချက်ပေးပြောနေကြခြင်း…

ပ   မင်းမှာ မင်းမိသားစုအတွက် အိပ်မက်တွေရှိလား။

ဒု   ရှိတာပေါ့…

ပ   ငါ့မှာတော့မရှိဘူး။ ငါ မနက်စောစောထပြီး ယာတောထဲသွားတယ်..မိသားစု ကိစ္စတွေလုပ်တယ်၊ ပြီးတော့ ပင်ပန်းစွာနဲ့ အိပ်ယာထဲဝင်တော့တာပဲ။

ဒု   ငါလည်း အလုပ်အရမ်းကြိုးစားရတာပါပဲ၊ ဒါပေမယ့် ငါတော့ ငွေစုအဖွဲ့ထဲမှာ ဝင်ပြီး အပတ်တိုင်း ဒေါ်လာ (၃၀) စုလာခဲ့တယ်။

ပ   ငါ့မှာတော့ အနာဂတ်အိပ်မက် အကြောင်းတွေးရရင် ရှုးရချည်ရဲ့။ ငါ့ကလေးတွေကို ထမင်းနပ်မှန်အောင် ကျွေးဖို့တောင်ခက်နေတာလေ။

ဒု ငါ ငွေဆက်စုပြီး ငါ့စီးပွားရေးစီမံချက်ကို ကြီးထွားအောင်လုပ်နေရင် ငွေစုအဖွဲ့ထဲမှ ချေးငွေရယူနိုင်လာပြီး အကင်ဆိုင်လေး စတင်နိုင်မယ်ဆိုတာ ငါသိနေတယ်။

ပ အနာဂတ်အိပ်မက် အကြောင်းမတွေးတာ ပိုကောင်းပါတယ်။ ငါ စိတ်မပင်ပန်းရတော့ဘူးပေါ့။

ဒု ငါတော့ ငါ့မိသားစုအတွက် ပိုအကောင်းတဲ့ဘဝနဲ့ ငါ့ ကလေးတွေအတွက် ပိုကောင်းတဲ့ပညာရေးမျိုး လိုချင်တယ်။ ငွေစုအဖွဲ့ထဲမှာ ငါငွေဆက်စုပြီး CHE ME သင်တန်းကပေးတဲ့ စီးပွားလုပ်နည်းကို သင်ယူနေရင် ငါ့အိပ်မက်တွေအားလုံး တကယ်ဖြစ်လာမယ်ဆိုတာ ယုံကြည်တယ်။

## SAIL ပရိုဂရမ် ဖော်ပြချက်-လက်ကမ်းစာစောင်

ငွေစုအဖွဲ့-လမ်းပြ ဥပဒေသများ

ငွေစုအဖွဲ့တိုင်းတွင် အဖွဲ့ဝင် ၁၀ မှ ၂၅ ကြားရှိရမည်။

အဖွဲ့ဝင်အားလုံးသည် ငွေစုဆောင်းသူများဖြစ်ကြရမည်။

အဖွဲ့ဝင်များ ငွေစုရန် ပုံမှန် (အဖွဲ့၏ ဆုံးဖြတ်ထားချက်နှင့်အညီ အပတ်တိုင်း၊ လတိုင်း) တွေ့ဆုံကြရမည်။

ငွေစုအဖွဲ့ဝင်များက စုငွေကို အသီးသီးထည့်ဝင်ကြရမည်။

အဖွဲ့ဝင်များက တူညီသည့်စုငွေကို အစည်းအဝေးတိုင်းတွင် ထည့်ဝင်ရန်သဘောတူကြရမည် (အဖွဲ့က ဆုံးဖြတ်ထားချက်နှင့်အညီ တစ်လတွင် တစ်ဦးလျှင် ဒေါ်လာ ၅၀)။

စုငွေများလာသည်နှင့်အမျှ အဖွဲ့ဝင်များက အတိုးနှင့် ချေးယူနိုင်မည်။ အစပိုင်းတွင် ချေးငွေကို ၁ လ နှင့် ၃ လကြားတွင် ချေးငှါးပေးရမည်။

ချေးငွေ အတိုးရာခိုင်နှုန်းကို အဖွဲ့ဝင်များက ဆုံးဖြတ်ကြပါမည်။

အဖွဲ့က ငွေကြေးများကို အဖွဲ့ဝင်များအတွင်း ခွဲဝေသတ်မှတ်ပြီးလျှင် စုငွေနှင့် ချေးငွေ လုပ်ငန်းစဉ်များကို ကာလအပိုင်းအခြားတစ်ခုအထိ ဆောင်ရွက်ရပါမည်။

ထိုအချိန်တွင် အဖွဲ့မှ ထွက်ခွါလိုသူများထွက်သွားနိုင်ပြီး အဖွဲ့သို့ဝင်ရောက်လိုသူများလည်း ဝင်လာနိုင်ပါမည်။ ပြဿနာလုပ်သည့် အဖွဲ့ဝင်များကိုလည်း ထုတ်ပစ်ရမည်။

အဖွဲ့များက ရှိရင်းအဖွဲ့ဝင်များနှင့် ချက်ချင်း အဖွဲ့ပြန်ဖွဲ့စည်းပါလိမ့်မည်။

အထက်ဖော်ပြပါ လုပ်ငန်းစဉ်လည်ပတ်မှုသည် (၈) လ မှ (၁) နှစ် ကြာမည်ဖြစ်သည်။

လုပ်ငန်းအားလုံးသည် အဖွဲ့ရှေ့တွင် ဆောင်ရွက်ရမည်ဖြစ်ပြီး သော့ခတ်၍ရသော ငွေထည့်သေတ္တာကို အသုံးပြုသည့်စနစ်ကို အသုံးပြုရမည်ဖြစ်သည်။ ငွေသေတ္တာကို လုံခြုံစေရန် သော့ခလောက်နှစ်ခု၊ သုံးခုခတ်ထားပြီး သော့များကို သော့ကိုင်များဆီအပ်ထားရမည်ဖြစ်သည်။

အဖွဲ့ဝင်များ စုရမည့် ငွေပမာဏကို အစည်းအဝေးတိုင်းတွင် အဖွဲ့က ဆုံးဖြတ်ရပါမည်။ လုပ်ငန်းလည်ပတ်နေစဉ်ကာလပတ်လုံး အဖွဲ့ဝင်တိုင်းက ထည့်ဝင်ရမည့်ငွေများကို စုထည့်နိုင်စေရန် သေချာလုပ်ဆောင်ရမည်။

လုပ်ငန်းလည်ပတ်မှုပြီးဆုံးတိုင်းအဖွဲ့စုဆောင်းရံပုံငွေ(စုဆောင်းထားသည့်ငွေနှင့်
ချေးငွေမှအတိုးရရှိငွေ) ကို အဖွဲ့ဝင်များအား အညီအမျှ ခွဲဝေပေးခြင်းရှိပါမည်။
အဖွဲ့၏ သတ်မှတ်ထားသည့် စံချိန်စံနှုန်း (ကျား၊မ၊ အသက်၊ နေရပ်၊ ကတိခံဝန်ချက် စသဖြင့်) နှင့်အညီ အသိုင်းအဝိုင်းမှ လူအားလုံးကို ပါဝင်နိုင်မည့် အခွင့်အလမ်းဖွင့်ထားရမည်။

အဖွဲ့ဝင်များ၏ သဘောထားအပေါ်အခြေခံပြီး အဖွဲ့များကို အမျိုးသား၊အမျိုးသမီး ရောချဲဖြစ်စေ၊ တစ်မျိုးတည်းဖြင့်ဖြစ်စေ ဖွဲ့စည်းရမည်။ အဖွဲ့ဝင်တိုင်းက မဲပေးရာတွင် တန်းတူအခွင့်အရေးရှိပြီး အဖွဲ့ခေါင်းဆောင်များ နှင့် လုပ်ငန်းအရာရှိများကို ရွေးချယ်၊ကန့်ကွက်နိုင်ခွင့်ရှိရပါမည်။